## ‘ဝ’ ပြည်သွေးစည်းညီညွတ်ရေးပါတီ နှင့် ကရင်အမျိုးသားအစည်းအရုံး

ပူးတွဲကြေညာချက်

(၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

‘ဝ’ ပြည်သွေးစည်းညီညွတ်ရေးပါတီ နှင့် ကရင်အမျိုးသားအစည်းအရုံး တို့သည် ‘ဝ’ ပြည်နယ် ပန်ဆန်းမြို့ ပါတီဗဟို စည်းဝေးခန်းမ တွင် မြန်မာပြည်ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာလုပ်ငန်းစဉ်နှင့်ပတ်သက်၍ မိမိတို့၏အမြင်၊ သဘောထားများအား ပွင့်လင်းလွတ်လပ်စွာဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ကရင်အမျိုးသားအစည်းအရုံးမှ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၊ ကာကွယ်ရေးဌာန တာဝန်ခံ ဗိုလ်မှူးကြီး စောရောဂျာခင်၊ စစ်ထောက်ချုပ် ဗိုလ်ချုပ် စောအိုင်းဇက်၊ ဥက္ကဋ္ဌ ၏ စစ်ရေး၊ နိုင်ငံရေးအကြံပေး ဗိုလ်မှူးကြီး စောထူးထူးလေး၊ ဥက္ကဋ္ဌရုံးအတွင်းရေးမှူး စောတာမူလာ နှင့် ‘ဝ’ ပြည်သွေးစည်းညီညွတ်ရေးပါတီမှ ဒု-အထွေထွေအတွင်းရေးမှူးချုပ်/ပြည်နယ်အစိုးရအဖွဲ့ဒု-ဥက္ကဋ္ဌဦးရှောက်မင်လျံ၊ ဒု-အထွေထွေ အတွင်းရေးမှူးချုပ်/၁၇၁ စစ်ဒေသ နိုင်ငံရေးမှူး ဦးပေါက်ယိုယိ၊ ဒု-စစ်သေနာပတိချုပ် ဦးအိုက်လွင်၊ ပြင်ပဆက်ဆံရေးဌာနကြီးမှူး ဦးကျောက်ကော့အမ်း၊ ဘဏ္ဍာရေးဌာနကြီးမှူး ဦးပေါက်ယိုလျှံ၊ ဗဟိုဌာနချုပ်ရုံးအ တွင်းရေးမှူးဦးအောင်မြင့်၊ ဥပဒေရေးရာကော်မတီ အတွင်းရေးမှူး ဦးစံမလု၊ နိုင်ငံရေးလုပ်ငန်းဌာန ဌာနကြီးမှူး ဦးရန်စင်းပင်၊ ၁၇၁ စစ်ဒေသဒုတိယနိုင်ငံရေးမှူး ဦးဇော်ချွန် တို့တက်ရောက်ခဲ့ကြသည်။

မြန်မာပြည်ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွင် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုခြင်း၊ ငြိမ်းချမ်းစွာနိုင်ငံရေးကိစ္စအပြန်အလှန်ညှိနှိုင်းဆွေးနွေးခြင်း(အမျိုးသားနိုင်ငံရေးဆွေးနွေးခြင်း) နှင့် တနိုင်ငံလုံးအတိုင်းအတာငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုခြင်း တနည်းအားဖြင့် အမျိုးသားသဘောတူညီချက်ရယူခြင်းကိစ္စရပ်များကိုညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများဖြင့် စုပေါင်းဖွဲ့စည်းထူထောင်ထားသည့်နိုင်ငံဖြစ်သော်လည်း လူမျိုးရေးခွဲခြားမှုနှင့်နိုင်ငံရေးတန်းတူညီမျှမှုမရှိခြင်းတို့သည် ကာလကြာရှည်စွာ ပြည်တွင်းပဋိပက္ခ ဖြစ်ပွားစေခဲ့သည့်အကြောင်းအရင်းဖြစ်သည်ဟု သုံးသပ်တွေ့ရှိကြပါသည်။ သို့ဖြစ်သောကြောင့် ငြိမ်းချမ်းရေး

တည်ဆောက်ရာတွင် တိုင်းရင်းသားလူမျိုးများပြဿနာကိုပြေလည်အောင်ဖြေရှင်းခြင်းသည် အဓိက သော့ချက်ဖြစ်သည်ဟုသဘောတူညီကြပါသည်။

ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလူမျိုးများအကြားဖြစ်ပွားနေသည့် ပဋိပက္ခများကိုနိုင်ငံရေးနည်းဖြင့် အပြန်အလှန်ဆွေးနွေးခြင်း၊ တန်းတူညီတူညှိနှိုင်းဆောင်ရွက်ခြင်း နှင့် ငြိမ်းချမ်းစွာဖြေရှင်းသည့်နည်းလမ်း များဖြင့်ဆောင်ရွက်သွားရန်သဘောတူညီကြပါသည်။

စစ်ရေးနည်းဖြင့်ပြဿနာများကိုဖြေရှင်းခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုထိခိုက်ပျက်စီးစေသဖြင့် လုံးဝဆန့်ကျင်ကြောင်း နှစ်ဦးသဘောတူညီကြပါသည်။ တိုင်းရင်းသားများအကြားတန်းတူညီမျှဆက်ဆံမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ရိုင်းပင်းကူညီမှုတို့ဖြင့်သာလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုတည်ဆောက် နိုင်မည်ဖြစ်သည်ကိုသဘောတူညီကြပါသည်။

၂၀၀၈ ခုနှစ်  ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ နိုင်ငံရေးဆွေးနွေးပွဲများတွင် လိုအပ်သည့်အချက် အလက်များကို ပြုပြင်ပြောင်းလဲပြင်ဆင်ဖြည့်စွက်ရမည်ကိုတွေ့ရှိသဘောတူညီကြပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ 'ဝ' ပြည်နယ်တည်ဆောက်ရန်တောင်းဆိုခြင်းနှင့်ပတ်သက်၍လည်းအပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။

ဦးရှောက်မင်လျံ
ဒုတိယအထွေထွေအတွင်းရေးမှူး
'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ

ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး
ဥက္ကဌ
ကရင်အမျိုးသားအစည်းအရုံး

**ဆက်သွယ်ရန်၊**
'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ - ဦးအောင်မြင့် (ပါတီဗဟိုရုံးအတွင်းရေးမှူး) ၀၀၈၆၁၅၃၃၁၆၆၂၆၆၀
email: waxinwenju@126.com
ကရင်အမျိုးသားအစည်းအရုံး- စောတာမူလာ (အတွင်းရေးမှူး၊ ဥက္ကဌရုံး) ၆၆ ၈၄၃၇၉၈၈၅၇ email:
chairman@knuhq.org